# စကားလုံး အထိမ်းအမှတ် သင်္ကေတနှင့် အရောင်များ၏ အဓိပ္ပါယ်ဖွင့်ဆိုချက်

ရန်ကုန်တိုင်းဒေသကြီး၏ ကိုယ်စားပြုအရောင်အဖြစ် ကို RGB (136, 34, 102) # 882266 ပင်မ အရောင်အဖြစ် အခြေခံကာ ပစ်တိုင်းထောင်ရုပ် အဖိုအမကို လိုက်ဖက်ညီစွာ ရေးဆွဲထားပါသည်။ # 882266 အရောင်သည် အပြာရောင်နှင့် အနီရောင် တို့ ပါဝင်မှု ပိုမိုများပြားစွာ ပေါင်းစပ်ထားသော အရောင်ဖြစ်သည့်အပြင် အနီရောင် ပါဝင်မှု ပိုမိုပါဝင်သော အရောင် ဖြစ်သည်။ # 882266 အရောင်သည် အင်အားကြီးခြင်း၊ ခမ်းနားခြင်း၊ ထည်ဝါခြင်း၊ အဆင့်အတန်း မြင့်မားခြင်း အစရှိသော အဓိပ္ပါယ်တို့ကို ကိုယ်စားပြုသော အရောင်ဖြစ်သည်။

RGB (136, 34, 102) # 882266 အရောင်နှင့် လိုက်ဖက်သောအရောင်တစ်ခုဖြစ်လည်း မြန်မာ့အနုပညာကို ကိုယ်စားပြုသောအရောင် မြန်မာနိုင်ငံကို ကိုယ်စားပြုသော အရောင်၊ နူးညံ့မှု၊ သိမ့်မွေ့မှု၊ မင်္ဂလာအပေါင်းနှင့် ပြည့်စုံသော ဟူသော အဓိပ္ပါယ်ရှိသောအရောင်အဖြစ် RGB (194, 104, 9) # C26809 အရောင်ကို အသုံးပြုထားပါသည်။

တောက်ပသော၊ ထင်ရှားသော၊ အဆင့်အတန်း မြင့်သောအရောင်ကို ကိုယ်စားပြုသောအရောင်အဖြစ် RGB (241, 178, 73) # F1b249 အရောင်ကို ကြယ်သီးတွင် သင်္ကေတ ပြုထားပါသည်။

မြန်မာအမျိုးသားတို့၏ အသားအရည်ကို ကိုယ်စားပြုသောအရောင်အဖြစ် RGB (243, 181, 114) # F3b572 အရောင်ကို ပစ်တိုင်းထောင် အဖို၏ မျက်နှာအရောင်အဖြစ် အသုံးပြုထားပါသည်။

မြန်မာအမျိုးသမီးတို့၏ အသားအရည်ကို သင်္ကေတပြုရေးဆွဲရာတွင် မြန်မာအမျိုးသမီးများ၏ ဝင်းဝါလှပသော အသားအရည်ကို ကိုယ်စားပြုသော အရောင်အဖြစ် RGB (255, 194, 109) # FFc26d အရောင်ကို ပစ်တိုင်းထောင်အမ၏ မျက်နှာအရောင်အဖြစ် အသုံးပြုထားပါသည်။ ထို့အပြင် မြန်မာအမျိုးသမီးအဖြစ် ထင်ထင်ရှားရှား သိရှိစေနိုင်သော ပါးကွက် သင်္ကေတအရောင်ကိုလည်း RGB (255, 176, 69) # FFb045 ကို အသုံးပြုထားပါသည်။